စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

သစ်အယ်စိုက်ပျိုးခြင်းနည်းပညာစာတမ်းဖတ်ပွဲ



ဦးနိုင်းရှိန်းလိန်း

ဒုတိယဦးစီးမှူး

လုံပီးဥယျာဉ်ခြံ၊ ဖလမ်းမြို့

၈.၃.၂၀၂၂

အကျဉ်းချုပ်

- ရည်ရွယ်ချက်
- စစ်တမ်းဆောင်ရွက်ရသည့် အကြောင်းအရာ
- နိဒါန်း
- အဓိကစိုက်ပျိုးသည့်မျိုးများ
- မျိုးပွားခြင်းနည်းများ
- မြေနေရာရွေးချယ်ခြင်းနှင့်စိုက်ခင်းမြေပြုပြင်ခြင်း
- စိုက်ပျိုးခြင်း
- အသီးစတင်ဖြစ်ထွန်းမှုအခြေအနေ
- ရိတ်သိမ်းခြင်းနှင့် အထွက်နှုန်း
- ဈေးကွက်
- အကျိုးကျေးဇူးများ
- အာဟာရဓါတ်များ





ရည်ရွယ်ချက်

၁. နှစ်ရှည်သီးနှံနှင့်သစ်သီးဝလံများကို ခေတ်မှီစိုက်ပျိုးရေး နည်းပညာများဖြင့် အရည်အသွေးမြင့်မားအောင် စမ်းသပ်စိုက်ပျိုးရန်နှင့် ပျိုးပင်များထုတ်လုပ်ရန်

၂. နှစ်ရှည်သီးနှံနှင့် သစ်သီးဝလံများ စိုက်ပျိုးရေးနည်းပညာများ (Modernized Crop Production) တောင်သူများလက်ဝယ်သို့ ရောက်ရှိရေးအတွက် (လက်တွေ့ သရုပ်ပြခြင်း) များပြုလုပ်ရန်

၃. မိမိဒေသနှင့် သင့်လျော်သော မျိုးများပွားများထုတ်လုပ်ရန်

၄. နှစ်ရှည်သီးနှံနှင့် သစ်သီးဝလံများမှ ဈေးကွက်ချဲ့ထွင်နိုင်ရန်

စစ်တမ်းဆောင်ရွက်ရသည့် အကြောင်းအရာ

- ❑ သစ်အယ်သီး စားသုံးမှုပိုမိုများပြားလာစေရန်
- ❑ သစ်အယ်သီးစားသုံးခြင်း၏ အကျိုးကျေးဇူးများသိရှိစေရန်
- ❑ ဒေသတွင်းစားသုံးမှုမှ ဈေးကွက်သို့ချဲ့ထွင်တင်ပို့နိုင်ရန်
- ❑ သစ်အယ်သီးစိုက်ပျိုးခြင်းဖြင့် တောင်သူဝင်ငွေတိုးလာစေရန်





နိဒါန်း

အင်္ဂလိပ်အမည်	-Chestnut
မျိုးရင်း	-Fagaceae
မူရင်းဒေသ	-ဗြိတိန်
ကမ္ဘာတွင်စိုက်ပျိုးမှု	-ဥ_ရောပမြောက်ပိုင်း၊အမေရိကား၊ မြေထဲပင်လယ်၊အာရှ
မြန်မာတွင်စိုက်ပျိုးမှု	-ကချင်၊ ချင်း၊ ရှမ်း
ပင်လယ်ရေမျက်နှာပြင်	-၄၀၀၀-၆၅၀၀ ပေ
မြေချဉ်ဓာတ်	-၄.၅-၆.၅
ပင်ကြား ×တန်းကြား	- ၂၀ × ၂၀ (၁၀၈ ပင်/ ဧက)
တစ်ကေအထွက်နှုန်း	-၆၈၁ ကီလို



အဓိကစိုက်ပျိုးသည့်မျိုး(၃)မျိုး

ဂျပန်မျိုး



အမေရိကန်မျိုး



တရုတ်မျိုး



မျိုး(၉)မျိုးအနက် အဓိကစိုက်ပျိုးသည့်မျိုးများဖြစ်ပါသည်

မျိုးပွားခြင်း

အစေ့ပျိုးထောင်ခြင်း





ကိုင်းဖြတ်ပျိုးထောင်ခြင်း



ကိုင်းကူး/ကိုင်းဆက်ခြင်း



မျိုးပွားခြင်း

- ✓ မျိုးပွားနည်း(၃)နည်းရှိသည့်အနက် အစေ့မှပျိုးထောင်ခြင်းသည် အအောင်မြင်ဆုံးနည်းလမ်းဖြစ်ပေသည်

အစေ့ပျိုးထောင်ခြင်း

- ❖ ရင့်မှည့်သည့်မျိုးကောင်း/မျိုးသန့်ရွေးချယ်ရမည်။
- ❖ သဲဘောင်ဖြင့်ပျိုးထောင်ရမည်။
- ❖ အပူဓာတ်ရရှိရန် ပလတ်စတစ်ဖြင့် ဖုံးအုပ်ပေးရမည်။
- ❖ အစိုဓာတ်ပြည့်ဝအောင် ရေလောင်းပေးရမည်။
- ❖ အညှောင့်ထွက်လာသောအခါ ပလတ်စတစ်အိတ်ဖြင့် ပြောင်းရွှေ့ပျိုးထောင်ပေးရမည်။

မြေနေရာရွေးချယ်ခြင်းနှင့်စိုက်ခင်းမြေပြုပြင်ခြင်း

- သစ်အယ်စိုက်ပျိုးမည့်နေရာသည် အနည်းငယ်ဆင်ခြေလျောဖြစ်ရမည်။
- ရေမဝပ်သောနေရာဖြစ်ရမည်။
- နေရောင်ခြည်တိုက်ရိုက်ရရှိပြီး တစ်ရက်လျှင် အနည်းဆုံး(၆)နာရီ ရရှိရမည်။
- သဲနုန်းဆန်သောမြေကို ကြိုက်နှစ်သက်သည်။
- မြေချဉ်ငံဓာတ် ၄.၅-၆.၅ အတွင်း အကောင်းဆုံးဖြစ်သည်။
- တောခုတ်ရှင်းလင်းခြင်းဆောင်ရွက်ရမည်။
- တန်းကြား ၂၀ ပေ -ပင်ကြား ၂၀ ပေ ခြား ပနက်ရိုက်ရမည်။
- ၂ ပေ ပတ်လည်စိုက်ကျင်းတူးဖော်ရမည်။
- အသင့်ပြုလုပ်ထားသော မြေဆွေးဖြင့် စိုက်ကျင်းဖြည့်ရမည်။





စိုက်ပျိုးခြင်း

- စိုက်ပျိုးရာတွင် ပျိုးအိတ်များ ဖယ်ရှားပြီး အမြစ်ထိခိုက်မှု မရှိစေရန် ညင်သာစွာစိုက်ပျိုးရမည်။ စိုက်ကျင်းအတွင်း ရေမဝပ်အောင် ဂရုပြုရမည်။
- မေလနောက်ဆုံးပတ်မှ ဇွန်လအတွင်း အပြီးစိုက်ပျိုးရမည်။
- စိုက်ပျိုးပြီး (၄)နှစ် မှ (၆)နှစ်အတွင်း စတင်အသီးသီးသည်။
- သစ်အယ်ပင်သည် ပင်ခြားဝတ်မှုံကူးသည့်အပင်ဖြစ်သောကြောင့် အနည်းဆုံး (၂) ပင်စိုက်ပျိုးပေးရမည် (သို့မဟုတ်) ပေ ၂၀၀ အတွင်း သစ်အယ်ပင်ရှိရမည်။
- သစ်အယ်ပင်၏ သက်တမ်းမှာ နှစ် (၇၀၀) ကျော် အသက်ရှည်သည်။



စတင်စိုက်ပျိုး




၂ နှစ်သား

အပင်ပြုစုခြင်း

- စိုက်ပျိုးပြီး(၃)နှစ်အတွင်း ကွန်ပေါင်း(၁၀-၁၀-၁၀)အချိုးနှုန်းဖြင့် ထည့်ကျွေးပေးရမည်။
- အကိုင်းဖြာထွက်မှုကောင်းစေရန် ခေါင်နှိမ်ပေးရမည်။
- နှစ်စဉ် အကိုင်းခြောက်၊ သစ်ကပ်ပင်နှင့် မှော်ကပ်ပါးပင်များ ဖယ်ရှားရှင်းလင်းပေးရမည်။
- တိရစ္ဆာန်များစားသောက်ဖျက်ဆီးခြင်းမှကာကွယ်ရန် ပင်ခြေနှင့်ပတ်ဝန်းကျင်များကို အပြောင်ရှင်းလင်းပေးရမည်။
- ပင်ညှိုးရောဂါနှင့် ပင်စည်ထိုးပိုးများ ကျရောက်တတ်သဖြင့် ပင်လုံးပြန့်မှိုသတ်ဆေးနှင့် ပိုးသတ်ဆေးများ အသုံးပြုခြင်းဖြင့် ကာကွယ်နိုင်သည်။

စိုက်ပျိုးပြီး (၅)နှစ်အတွင်းအသီးစတင်ဖြစ်ထွန်းမှုအခြေအနေ



အစေ့များကောက်ယူနိုင်ရန် ပေါင်းမြက်အပြောင်ရှင်းလင်းခြင်း









ရိတ်သိမ်းခြင်းနှင့် အထွက်နှုန်း

- အသီးများရင့်မှည့်အက်ကွဲပြီး ကြွေကျလာချိန်တွင် စတင်ကောက်ယူနိုင်ပါသည်။
- ဩဂုတ်လနောက်ဆုံးပတ်မှ စက်တင်ဘာလကုန်အထိ အသီးကောက်ယူစုဆောင်းနိုင်ပါသည်။
- ရေရှည်အထားခံရန်အတွက် ခြောက်အောင်နေပူလှန်းခြင်း (သို့) ရေခဲသေတ္တာ ကို အသုံးပြုရမည်။
- စိုက်ပျိုးပြီး သက်တမ်း(၁၅)နှစ်ရှိ အပင်မှ တစ်ဧကပျမ်းမျှ (၆၈၁)ကီလို ထွက်ရှိနိုင်ပါသည်။









ဈေးကွက်



- သစ်အယ်သီးသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သူထက် စားသုံးသူများပြားသဖြင့် ဈေးကောင်းရရှိသော သီးနှံဖြစ်ပါသည်။
- နိုင်ငံခြားဒေသများသို့ တင်ပို့ရောင်းချမည်ဆိုပါက အသီးအရွယ်အစားပေါ်မူတည်ပြီး တစ်ပေါင်လျှင် အမေရိကန်ငွေ (၅)ဒေါ်လာအထိ ရရှိမည်ဖြစ်ပါသည်။
- ယနေ့ မန္တလေးဈေးကွက်တွင် တစ်ပြည်လျှင် ကျပ် ၄၀၀၀ မှ ၄၅၀၀ အထိ ရရှိပါသည်။



Ref:Fig,Amazon.com





သစ်အယ်သီးစားသုံးခြင်းဖြင့်ရရှိနိုင်သောအကျိုးကျေးဇူးများ

- အသားဥ၊နို့ များကဲ့သို့ အာဟာရဓါတ်များ ရရှိခြင်း
- ပိုးမွှားရောဂါ ကာကွယ်ပေးနိုင်သော သွေးဖြူဥများ ထုတ်လုပ်ပေးခြင်း
- နာတာရှည်ရောဂါများကာကွယ်ပေးခြင်း
- ဦးနှောက်ဖွံ့ဖြိုးမှု ကောင်းပြီး မှတ်ဉာဏ်ကောင်းခြင်း၊ အာရုံကြောအတွက် အထောက်အကူပြုခြင်း
- ကင်ဆာဆဲလ်များဖြစ်ပေါ်ခြင်းမှ ကာကွယ်ပေးခြင်း
- သွေးတိုး၊သွေးကျရောဂါနှင့် နှလုံးရောဂါဖြစ်ပေါ်ခြင်းမှ ကာကွယ်ပေးခြင်း
- အရိုးအဆစ်သန်မာစေခြင်း





သစ်အယ်သီးတွင်ပါဝင်သောအာဟာရဓါတ်များ

Energy	- 820 Ks
Carbornhydrate	- 44gm
Sugar	- 11gm
Fat	- 1.3 gm
Protein	- 1.6gm


Vitamins		
VitaminC	-	48%
VitaminB1	-	13%
VitaminB2	-	1%
VitaminB3	-	7%
Vitamin B6	-	27%
Vitamin B9	-	15%
Vitamin B12	-	0%

Minerals		
Calciun	-	2%
Iron	-	7%
Magnesium	-	8%
Phophorous	-	5%
Potassium	-	10%
Sodium	-	0%
Zin	-	5%

Ref; https://www.health/diet-nutrition,com

လေ့လာဆွေးနွေးခြင်း





စိတ်ပါဝင်စားသော
ကိုရီးယား၊ ဂျပန်၊
နယူးဇီလန်
လူမျိုးများနှင့်
ရှင်းလင်းဆွေးနွေးခြင်း





အကျဉ်းချုပ်

- နှစ်ရှည်သီးနှံနှင့် သစ်သီးဝလံများကို ခေတ်မီစိုက်ပျိုးရေး နည်းပညာများ အသုံးပြုခြင်းဖြင့် အရည်အသွေး မြင့်မားလာစေပါမည်။
- ရေမြေဒေသနှင့်သင့်လျော်သော မျိုးများစိုက်ပျိုးပြီး (Modernized Crop Production)နည်းများ ပိုမိုအသုံးချလာနိုင်စေပါမည်။
- နှစ်ရှည်သီးနှံများနှင့် သစ်သီးဝလံများ စိုက်ပျိုးခြင်းဖြင့် တောင်သူဝင်ငွေ တိုးလာစေပါမည်။
- ပြည်တွင်းပြည်ပဈေးကွက်များ ချဲ့ထွင်လာနိုင်ပါမည်။


THANKS FOR YOUR
KIND ATTENTION
Phone – 09456748159
email–naingshingling46@gmail.com